ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများ

ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၁၇၉/၂၀၁၉

၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်)

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနသည် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေပုဒ်မ ၈၆၊ ပုဒ်မခွဲ(က)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်-

၁။ ဤနည်းဥပဒေများကို **ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ(က) ကို အောက်ပါအတိုင်း အစားထိုးရမည်-

(က) မော်တော်ယာဉ်တစ်စီးဖြင့် အသုံးပြုသည့် သယ်ယူပို့ဆောင်ရေး လုပ်ငန်းဖြစ်လျှင်-

(၁) လူပုဂ္ဂိုလ်အမည်ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူက ဆောင်ရွက်ခြင်း ဖြစ်ရမည်။

(၂) အသင်းအဖွဲ့အမည်ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူများဖြင့် ဖွဲ့စည်းထားသော အသင်းအဖွဲ့ ဖြစ်ရမည်။



(၃) ကုမ္ပဏီအမည်ဖြင့် ဆောင်ရွက်ခြင်းဖြစ်လျှင် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအရ မှတ်ပုံတင်အရာရှိက ထုတ်ပေးသည့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်မှု သက်သေခံလက်မှတ်ရရှိပြီးသော ကုမ္ပဏီ သို့မဟုတ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုမိန့်နှင့် အတည်ပြုမိန့် ရရှိပြီးသော ရင်းနှီးမြှုပ်နှံသည့် ကုမ္ပဏီ ဖြစ်ရမည်။

(၄) လျှောက်ထားသူသည် နိုင်ငံတော်၏ တည်ဆဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်မှုကြောင့် ပြစ်ဒဏ်ကျခံနေရသူ မဖြစ်စေရ။

(၅) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနယ်ပယ်၏ စည်းမျဉ်း၊ စည်းကမ်းများကို ဖောက်ဖျက်ခြင်းကြောင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခြင်း မပြုနိုင်စေရန် တားမြစ်ခံထားရသူ မဖြစ်စေရ။

(၆) ယခင်က ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ခဲ့ဖူးလျှင် ယင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်သော နာမည်ပျက်စာရင်းတွင် ပါဝင်သူ မဖြစ်စေရ။

၃။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၇ နည်းဥပဒေခွဲ(ခ)၏ နောက်၌ နည်းဥပဒေခွဲ(ဂ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

(ဂ) မြန်မာအထူးစီးပွားရေးဇုန် လုပ်ငန်းသုံးယာဉ်များ အသုံးပြုသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဖြစ်လျှင်-

(၁) မြန်မာအထူးစီးပွားရေးဇုန်ဥပဒေအရ သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီများက ဆောင်ရွက်

ခွင့်ပြုထားသော ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် တည်ထောင်သူ ဖြစ်ကြောင်း ထောက်ခံချက် ပါရှိသည့် ကုမ္ပဏီဖြစ်ရမည်။

(၂) သက်ဆိုင်ရာ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှု ကော်မတီမှ ထုတ်ပေးသည့် စီးပွားရေးလုပ်ငန်း စတင်ဆောင်ရွက် သည့်နေ့ အသိအမှတ်ပြုလက်မှတ် ပါရှိရမည်။

(၃) လျှောက်ထားသည့်ကုမ္ပဏီမှ အဆိုပြုတင်ပြသူ၏ လိုင်စင် ဓါတ်ပုံ (၂)ပုံ ပါရှိရမည်။

(၄) သက်တမ်းရှိ သယ်ယူပို့ဆောင်ရေး မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မူရင်းနှင့် မိတ္တူ ပါရှိရမည်။

(၅) သယ်ယူပို့ဆောင်ရေးမော်တော်ယာဉ် ဓါတ်ပုံ (၃) ပုံ (ရှေ့၊ နောက်၊ စတီယာရင်ဘက်ဘေး) ပါရှိရမည်။

(၆) သက်တမ်းရှိ ကုမ္ပဏီမှတ်ပုံတင် မူရင်းနှင့် မိတ္တူ ပါရှိ ရမည်။

၄။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၂၈ နည်းဥပဒေခွဲ(ခ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

(ခ) နိုင်ငံတော်၏ တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို ချိုးဖောက်၍ ပြစ်ဒဏ်ကျခံနေရသူ မဖြစ်စေရ၊

၅။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နည်းဥပဒေ ၃၁ နည်းဥပဒေခွဲ (ည) နည်းဥပဒေခွဲငယ်(၁၀)နှင့် နည်းဥပဒေခွဲ (ဋ) နည်းဥပဒေခွဲငယ်(၁၀) တို့ကို ပယ်ဖျက်ရမည်။



၆။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နောက်ဆက်တွဲဇယား(၁) အပိုဒ်(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်-

၁။ တိုင်းဒေသကြီး/ ပြည်နယ်အတွင်း ခရီးစဉ်အတွက် မော်တော်ယာဉ်/ နောက်တွဲယာဉ် တစ်မျိုးမျိုးဖြင့် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်း တို့အတွက် လိုင်စင်အရအသုံးပြုမည့် ယာဉ်များအား ယာဉ် တစ်စီးချင်း၏ မှတ်ပုံတင်ခကို အောက်ပါအတိုင်း ကောက်ခံရမည်-

| စဉ် | လိုင်စင်ရရှိသူက ကြီးကြပ်မည့် ယာဉ်အမျိုးအစား | (၁)နှစ်အတွက် ကောက်ခံမည့် နှုန်းထား(ကျပ်)<br>(ယာဉ်တစ်စီးထက် ကျော်လွန် ပါက သက်ဆိုင်ရာ ယာဉ်စီးရေ အလိုက် တွက်ချက်ကောက်ခံ ရမည်) |
|---|---|---|
| (က) | ၂ တန်အထိ (သို့) ၁၇ ဦးအထိ | ၅၀၀၀ |
| (ခ) | ၂ တန်အထက်မှ ၉ တန်အထိ(သို့) ၄၀ ဦးအထိ | ၇၀၀၀ |
| (ဂ) | ၉ တန်အထက် (သို့) ၄၁ ဦးအထက် | ၁၀၀၀၀ |

၇။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နောက်ဆက်တွဲဇယား(၁) အပိုဒ်(၂)ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၂။ တိုင်းဒေသကြီး/ ပြည်နယ်ကျော် ခရီးစဉ်အတွက် မော်တော်ယာဉ်/ နောက်တွဲယာဉ် တစ်မျိုးမျိုးဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်းနှင့် သက်တမ်းတိုးခြင်းတို့အတွက် လိုင်စင်အရအသုံးပြုမည့် ယာဉ်များအား ယာဉ်တစ်စီးချင်း၏ မှတ်ပုံတင်ခကို အောက်ပါအတိုင်း ကောက်ခံရမည်-

| စဉ် | လိုင်စင်ရရှိသူက ကြီးကြပ်မည့် ယာဉ်အမျိုးအစား | (၁)နှစ်အတွက် ကောက်ခံမည့် နှုန်းထား(ကျပ်) (ယာဉ်တစ်စီးထက် ကျော်လွန်ပါက သက်ဆိုင်ရာ ယာဉ်စီးရေ အလိုက် တွက်ချက်ကောက်ခံရမည်) |
|---|---|---|
| (က) | ၂ တန်အထိ (သို့) ၁၇ ဦးအထိ | ၈၀၀၀ |
| (ခ) | ၂ တန်အထက်မှ ၉ တန်အထိ(သို့) ၄၀ ဦးအထိ | ၁၁၀၀၀ |
| (ဂ) | ၉ တန်အထက် (သို့) ၄၁ ဦးအထက် | ၁၅၀၀၀ |



၈။ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊ နောက်ဆက်တွဲဇယား(၁)ပါ အပိုဒ်(၃) နှင့် အပိုဒ်(၄) တို့ကို ပယ်ဖျက်ပြီး အပိုဒ်(၅)၊(၆)၊(၇)နှင့်(၈)တို့ကို အပိုဒ်(၃)၊(၄)၊(၅)နှင့်(၆)အဖြစ် ပြန်လည် အမှတ်စဉ်ရမည်။ အပိုဒ်(၆)၏နောက်၌ အပိုဒ်(၇)နှင့်(၈)တို့ကို အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

၇။ မြန်မာအထူးစီးပွားရေးဇုန် လုပ်ငန်းသုံးမော်တော်ယာဉ်များ အသုံးပြု၍ ပြည်တွင်းကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားခြင်းအတွက် မှတ်ပုံတင်ခ ကောက်ခံရာတွင် အောက်ပါအတိုင်း ကောက်ခံရမည်-

(က) စတင်ဆောင်ရွက်သည့်နှစ်မှ (၅)နှစ်အတွင်းကာလ အတွက် ကောက်ခံခြင်းမပြုရန်၊

(ခ) တစ်ဆက်တည်း နောက်ထပ် (၅)နှစ်အတွက် မှတ်ပုံတင်ခ၏ ၅၀ရာခိုင်နှုန်း ကောက်ခံရန်၊

(ဂ) လုပ်ငန်းစတင်သည့်နှစ်မှ (၁၀)နှစ် ပြည့်မြောက်ပါက မှတ်ပုံတင်ခကို ၁၀၀ရာခိုင်နှုန်း ကောက်ခံရန်။

၈။ ဇယား(၁)အပိုဒ်(၇)ပါ မှတ်ပုံတင်ခအပြင် ဇယား(၁) အပိုဒ် (၄)ပါ အခြားအခနှုန်းထားများကိုလည်း ကောက်ခံရမည်။

(ပုံ)သန့်စင်မောင်

ပြည်ထောင်စုဝန်ကြီး

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန